# သာရဏီယတရား ၆-ပါး

၅၄။ အာနန္ဒာ မပြတ်အောက်မေ့ထိုက်ကုန်သော ချစ်ခြင်းကို ပြုတတ်ကုန်သော လေးစားခြင်းကို ပြုတတ်ကုန်သော ဤခြောက်ပါးသော တရားတို့သည် သိမ်းသွင်းခြင်းအကျိုးငှါ, ဝါဒမကွဲပြားခြင်းအကျိုး ငှါ, ညီညွတ်ခြင်းအကျိုးငှါ, တပေါင်းတည်းဖြစ်ခြင်းဟူသောအကျိုးငှါ ဖြစ်ကုန်၏။ အဘယ်ခြောက်ပါး တို့နည်းဟူမူ-

(၁) အာနန္ဒာ ဤသာသနာတော်၌ ရဟန်းအား သီတင်းသုံးဖော်တို့၌ မျက်မှောက်ဖြစ်စေ၊ မျက်ကွယ်ဖြစ်စေ ကာယကံမေတ္တာသည် ရှေးရှုတည်၏၊ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကို ပြုတတ် သော လေးစားခြင်းကို ပြုတတ်သော ဤတရားသည်လည်း သိမ်းသွင်းခြင်းအကျိုးငှါ, ဝါဒမကွဲပြားခြင်း အကျိုးငှါ, ညီညွတ်ခြင်းအကျိုးငှါ, တပေါင်းတည်းဖြစ်ခြင်း ဟူသောအကျိုးငှါ ဖြစ်၏။

(၂) အာနန္ဒာ နောက်တစ်မျိုးကား ရဟန်းအား သီတင်းသုံးဖော်တို့၌ မျက်မှောက်ဖြစ်စေ၊ မျက် ကွယ်ဖြစ်စေ ဝစီကံမေတ္တာသည် ရှေးရှုတည်၏၊ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကို ပြုတတ်သော လေးစားခြင်း ကို ပြုတတ်သော ဤတရားသည်လည်း သိမ်းသွင်းခြင်းအကျိုးငှါ, ဝါဒမကွဲပြားခြင်းအကျိုးငှါ, ညီညွတ် ခြင်းအကျိုးငှါ, တပေါင်းတည်းဖြစ်ခြင်း ဟူသောအကျိုးငှါ ဖြစ်၏။

(၃) အာနန္ဒာ နောက်တစ်မျိုးကား ရဟန်းအား သီတင်းသုံးဖော်တို့၌ မျက်မှောက်ဖြစ်စေ၊ မျက်ကွယ်ဖြစ်စေ မနောကံမေတ္တာသည် ရှေးရှုတည်၏၊ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကို ပြုတတ် သော လေးစား ခြင်းကို ပြုတတ်သော ဤတရားသည်လည်း သိမ်းသွင်းခြင်းအကျိုးငှါ, ဝါဒမကွဲပြားခြင်း အကျိုးငှါ, ညီညွတ်ခြင်းအကျိုးငှါ, တပေါင်းတည်းဖြစ်ခြင်း ဟူသောအကျိုးငှါ ဖြစ်၏။

(၄) အာနန္ဒာ နောက်တစ်မျိုးကား ရဟန်းသည် တရားနှင့်လျော်စွာ ဖြစ်ကုန်သော တရားသဖြင့်ရကုန်သော လာဘ်တို့ကို အယုတ်ဆုံးအားဖြင့် သပိတ်အတွင်းရှိ ဆွမ်းမျှကိုသော်လည်း မခွဲခြားဘဲ သုံး ဆောင်ခြင်း ရှိ၏၊ အကျင့်သီလရှိကုန်သော သီတင်းသုံးဖော်တို့နှင့် ဆက်ဆံသော သုံးဆောင်ခြင်းရှိ၏၊ မပြတ် အောက်မေ့ထိုက်သော ချစ်ခြင်းကို ပြုတတ်သော လေးစားခြင်းကို ပြုတတ်သော ဤတရားသည်လည်း သိမ်းသွင်းခြင်းအကျိုးငှါ, ဝါဒမကွဲပြားခြင်းအကျိုးငှါ, ညီညွတ်ခြင်းအကျိုးငှါ, တပေါင်းတည်း ဖြစ် ခြင်း ဟူသောအကျိုးငှါ ဖြစ်၏။

(၅) အာနန္ဒာ နောက်တစ်မျိုးကား ရဟန်းသည် မကျိုး မပေါက် မပြောက် မကျားကုန်သော (တဏှာကျွန် အဖြစ်မှ) တော်လှန်ခြင်းကို ပြုတတ်ကုန်သော ပညာရှိတို့ ချီးမွမ်းထိုက်ကုန်သော မှားသည်ဟု အသုံးသပ်မ ခံရကုန်သော တည်တံ့ခြင်း 'သမာဓိ' ကို ဖြစ်စေတတ်သော စောင့်စည်းမှု 'သီလမျိုး' တို့၌ သီတင်းသုံးဖော်တို့နှင့် မျက်မှောက်ဖြစ်စေ၊ မျက်ကွယ်ဖြစ်စေ စောင့်စည်းမှု 'သီလ'တူသည်၏ အဖြစ်သို့ ရောက်လျက် နေ၏၊ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကို ပြုတတ်သော လေးစားခြင်းကို ပြုတတ် သော ဤတရားသည်လည်း သိမ်းသွင်းခြင်းအကျိုးငှါ၊ ဝါဒမကွဲပြားခြင်းအကျိုးငှါ၊ ညီညွတ်ခြင်း အကျိုးငှါ၊ တပေါင်းတည်းဖြစ်ခြင်းဟူသောအကျိုးငှါ ဖြစ်၏။

(၆) အာနန္ဒာ နောက်တစ်မျိုးကား ရဟန်းသည် မြတ်သော (ဝဋ်ဆင်းရဲမှ) ထုတ်ဆောင်တတ်သော ထို အဆုံးအမအတိုင်း ပြုသူအား ကောင်းစွာ ဝဋ်ဆင်းရဲကုန်ခန်းခြင်းငှါ ဖြစ်သော အယူတစ်မျိုး၌ သီတင်း သုံးဖော်တို့နှင့် မျက်မှောက်ဖြစ်စေ၊ မျက်ကွယ်ဖြစ်စေ အယူတူသည်၏အဖြစ်သို့ ရောက်လျက် နေ၏၊ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကို ပြုတတ်သော လေးစားခြင်းကို ပြုတတ်သော ဤတရားသည် လည်း သိမ်းသွင်းခြင်းအကျိုးငှါ၊ ဝါဒမကွဲပြားခြင်းအကျိုးငှါ၊ ညီညွတ်ခြင်းအကျိုးငှါ၊ တပေါင်းတည်း ဖြစ်ခြင်းဟူသော အကျိုးငှါ ဖြစ်၏။

အာနန္ဒာ မပြတ်အောက်မေ့ထိုက်ကုန်သော ချစ်ခြင်းကို ပြုတတ်ကုန်သော လေးစားခြင်းကို ပြုတတ် ကုန် သော ဤတရားခြောက်ပါးတို့သည် သိမ်းသွင်းခြင်းအကျိုးငှါ၊ ဝါဒမကွဲပြားခြင်းအကျိုးငှါ၊ ညီညွတ်ခြင်း အကျိုးငှါ၊ တပေါင်းတည်းဖြစ်ခြင်းဟူသော အကျိုးငှါ ဖြစ်ကုန်၏။ အာနန္ဒာ သင်တို့သည် မပြတ် အောက်မေ့ ထိုက်ကုန်သော ဤတရားခြောက်ပါးတို့ကို အကယ်၍ ဆောက်တည်၍ ကျင့်ကုန်ငြားအံ့၊ အာနန္ဒာ သင်တို့ သည်းမခံနိုင်လောက်သော ကြီးကြီးငယ်ငယ်ဖြစ်သော စကားအကြောင်းမျိုးကို တွေ့မြင် ကုန်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မတွေ့မြင်နိုင်ပါဟု (လျှောက်ကြကုန်၏)။ အာနန္ဒာ ထို့ကြောင့် မပြတ် အောက်မေ့ထိုက်ကုန်သော ဤတရားခြောက်ပါးတို့ကို ကောင်းစွာ ဆောက်တည်၍ ကျင့်ကြကုန်လော့၊ ထိုကျင့်ခြင်းသည် သင်တို့အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးခြင်းငှါ၊ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏။ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏ တရား တော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာ နှစ်သက်လေပြီ။